# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
# အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နှင့်

Be The First Co.,Ltd

တို့ အကြားချုပ်ဆိုသည့်

## ဆက်သွယ်ရေးအခြေခံပစ္စည်းများ
## တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းဆိုင်ရာသဘောတူစာချုပ်

၂၀၂၅ - ၂၀၂၆

ရက်စွဲ ။ ၂၀၂၅ ခုနှစ်၊ ဧပြီ လ ( ၁ )ရက်

နေရာ ။ ရန်ကုန်မြို့။

CamScanner




ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း

ဆက်သွယ်ရေးအခြေခံပစ္စည်းများတည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းဆိုင်ရာသဘောတူစာချုပ်

ဤသဘောတူစာချုပ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့၌ ၂၀၂၅ ခုနှစ်၊ ______________________ လ( )ရက်နေ့တွင်

ဤစာချုပ်ပါကိစ္စအလို့ငှာ ဦးလင်းခိုင်၊ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ကိုယ်စား ပြုသော ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၂၀/၄၅၀)၊ မြို့တော် ခန်းမတွင်တည်ရှိသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ဤမှနောက်တွင် "လုပ်ငန်း ဆောင်ရွက်ခွင့်ပြုသူ"ဟု ရည်ညွှန်းခေါ်ဆိုမည်) က တစ်ဘက်နှင့်

ဤစာချုပ်ပါကိစ္စအလို့ငှာ ဦးအာကာလင်း၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်(၉/ပမန(နိုင်)၁၅၈၇၈၃) ကိုယ်စားပြုသော အမှတ်(၁၈) ၊ နွယ်သာကီလမ်း၊ မရမ်းကုန်းမြို့နယ်တွင် အဓိက လုပ်ငန်းတည်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီတစ်ခု ဖြစ်သော Be The First Co.,Ltd (ဤမှ နောက်တွင် "လုပ်ငန်းဆောင်ရွက်သူ"ဟု ရည်ညွှန်းခေါ်ဆိုမည်) က အခြားတစ်ဘက်တို့အကြား ချုပ်ဆိုကြပါသည်။

လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူသည် လုပ်ငန်းဆောင်ရွက်သူအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဆက်သွယ်ရေးအခြေခံပစ္စည်းများ တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းကိုဆောင်ရွက် စေလိုသော ဆန္ဒရှိပြီး လုပ်ငန်းဆောင်ရွက်သူမှလည်း ယင်းလုပ်ငန်းကို ဤသဘောတူ စာချုပ်ပါစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် သဘောတူပြီးဖြစ်ပါသည်။

လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူနှင့် လုပ်ငန်းဆောင်ရွက်သူတို့ကို စုပေါင်း၍ "စာချုပ်ဝင်များ" ဟု လည်းကောင်း၊ တစ်ဦးချင်းကို "စာချုပ်ဝင်"ဟု လည်းကောင်း ခေါ်ဆိုနိုင်သည်။

သို့ဖြစ်ပါ၍ စာချုပ်ဝင်များ အကြားအောက်ပါအတိုင်း သဘောတူညီကြပါသည်-

၁။ လုပ်ငန်းအမျိုးအစားများ


လုပ်ငန်းဆောင်ရွက်သူသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) (၃၂)ကီလိုမီတာအထိ Fiber Cable များကို မြေပေါ်မှ Overhead Cable သွယ်တန်းခြင်း။

(ခ) Wifi Devices များနှင့် ODB(Optical Distribution Box)(၁၆)ခု များအား တိုင်များ တွင်တပ်ဆင်အသုံးပြုခြင်း။

၂။ ရည်ရွယ်ချက်

စာချုပ်ဝင်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ဆောင်မှုလုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဤသဘောတူစာချုပ်အား ချုပ်ဆိုကြပါသည်။




၃-၀၁။ "လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူ" နှင့် "လုပ်ငန်းဆောင်ရွက်သူ" တို့သည် သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ တရားဝင်လုပ်ကိုင်ခွင့်ရှိသော အဖွဲ့အစည်းများဖြစ်ကြပြီး ဤစာချုပ်ကို ချုပ်ဆိုရန် အခွင့်အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ရှိသူ ငွေကြေး တောင့်တင်း သူများဖြစ်ကြောင်း အာမခံကြပါသည်။

၃-၀၂။ ဤသဘောတူစာချုပ်၌ လက်မှတ်ရေးထိုးချုပ်ဆိုခြင်းသည် စာချုပ်ဝင်အဖွဲ့အစည်း/ ကုမ္ပဏီလီမိတက်တို့၏ တရားဝင်လွှဲအပ်ချက်အရ ကိုယ်စားပြု ချုပ်ဆိုကြခြင်းဖြစ် ပါသည်။

၄။ လုပ်ငန်းဆောင်ရွက်သူမှ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်

၄-၀၁။ "လုပ်ငန်းဆောင်ရွက်သူ"သည် တည်ဆဲဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆက်သွယ်ရေးကွန်ယက်အထောက်အကူပြုလုပ်ငန်း လိုင်စင်ပါ စည်းကမ်းချက် များအရ လုပ်ငန်းတစ်ခုချင်းအလိုက် ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄-၀၂။ "လုပ်ငန်းဆောင်ရွက်သူ" မှ အထက်အပိုဒ်(၁)ပါ လုပ်ငန်း(များ)ဆောင်ရွက်ခြင်း အတွက် ဤသဘောတူစာချုပ်အရ သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းသွား မည်ဖြစ်ပါသည်။

၄-၀၃။ အထက်အပိုဒ်(၁)ပါ လုပ်ငန်းများဆောင်ရွက်မည့် တည်နေရာပြမြေပုံနှင့် ဆောင်ရွက်မည့် စာရင်းကို နောက်ဆက်တွဲ(က)တွင် ဖော်ပြထားပါသည်။

၄-၀၄။ အထက်အပိုဒ်(၁)ပါ လုပ်ငန်း(များ)၏ Drawing ၊ ပုံစံ ၊ စံချိန်စံညွှန်း ဖော်ပြချက်များကို နောက်ဆက်တွဲ(ခ)တွင် ဖော်ပြထားပါသည်။

၅။ လုပ်ငန်းဆောင်ရွက်မည့် နေရာ

"လုပ်ငန်းဆောင်ရွက်သူ"မှ ဆောင်ရွက်မည့်နေရာများမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသောနေရာများတွင် ဖြစ်ပါသည်။

၆။ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူ၏တာဝန်နှင့်အခွင့်အရေးများ

"လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူ"၏ တာဝန်နှင့်အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၆-၀၁။ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူသည် ဤသဘောတူစာချုပ်အပိုဒ်(၂)၌ ဖော်ပြထားသော ရည်ရွယ်ချက်များအလို့ငှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲ ခွင့်ရှိသော မြေအစိတ်အပိုင်းများတွင် လုပ်ငန်းဆောင်ရွက်သူက အထက်အပိုဒ်(၁)ပါ လုပ်ငန်းများ တည်ဆောက်တပ်ဆင်ခြင်းကို ဤသဘောတူစာချုပ်ပါ စည်းကမ်းချက် များ၊ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုပေးမည်ဖြစ်ပါသည်။

CamScanner

# ပြည့်ဟိန်းကျော် မိတ္တူ။

အမှတ်(၁၁၃)၊ ၃၆ လမ်း၊ (အလယ်ဘလောက်)၊ ရန်ကုန်မြို့

- 09 256262305

အမည် ------------------------- ရက်စွဲ 29.3.25

| စဉ် | အမျိုးအမည် | အရေအတွက် | နှုန်းထား | သင့်ငွေ |
|---|---|---|---|---|
| | | | | |
| 1 | မိတ္တူ (မီး၊ စာ) | 10 | 400 | 4000/- |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | စုစုပေါင်း | 4000/- |

ပြည့်ဟိန်းကျော်
မိတ္တူ။
၁၁၃-၃၆လမ်း
ကျောက်တံတားမြို့နယ်

Paid